ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ

NATIONAL COUNCIL OF THE UNION OF BURMA

## ဓာတုလက်နက်အသုံးပြုမှုနှင့်ပတ်သက်၍ ကာကွယ်ရေးဦးစီးချုပ်မင်းအောင်လှိုင်အား ဦးသိန်းစိန်အစိုးရနှင့် လွှတ်တော်မှ အရေးယူပေးရန် တိုက်တွန်းတောင်းဆိုချက်

ကချင်လူထုအား ဓာတုလက်နက်များသုံး၍ တိုက်ခိုက်ရန် အမိန့်ပေးနေသည့် ကာကွယ်ရေးဦးစီးချုပ် မင်းအောင်လှိုင်အား မိမိတို့ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ (NCUB) မှအပြင်းအထန် ကန့်ကွက်ရှုံ့ချသည်။

ကာကွယ်ရေး ဦးစီးချုပ်မင်းအောင်လှိုင်သည် ယခုနှစ် ဖွန်လတွင်လည်း ရှမ်းတိုင်းရင်းသားများအား ဓာတုလက်နက်များ အသုံးပြု၍ တိုက်ခိုက်ခဲ့သည်။

ဤကဲ့သို့ ဓာတုလက်နက်များသုံး၍ စစ်ရာဇဝတ်မှုကိုကျူးလွန်ခြင်း နှင့် လူသားဖြစ်မှုကိုဆန့်ကျင်သောပြစ်မှုကျူးလွန်ခြင်းများသည် နိုင်ငံတကာတွင် ဦးဝဏ္ဏမောင်လွင်မှ တင်ပြပြောဆိုနေသည့် ပြုပြင်ပြောင်းလဲရေးကိစ္စများ၊ ကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီမှ ဝန်ကြီးဦးအောင်ကြည်၊ ဦးအောင်မင်း၊ ဦးအောင်သောင်း၊ ဦးသိန်းဇော်တို့မှ ဦးစီးဆောင်ရွက်နေသည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများကိုအဓိပ္ပါယ်ကင်းမဲ့စေသည်။ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ကြိုးစားဆောင်ရွက်နေပါသည်ဟု နိုင်ငံတကာတွင် မဲဆွယ်စည်းရုံးနေသည့် သမ္မတအကြံပေးအရာရှိများ၏ ဆောင်ရွက်နေမှုများအား အဓိပ္ပါယ်ကင်းမဲ့စေသည်။

ဤကျူးလွန်မှုများသည် ဦးသိန်းစိန်အစိုးရ၏ ဦးဆောင်ကြိုးပမ်းနေမှုများအားလက်ခံသည့် အခြေအနေသို့ ရောက်ရှိတော့မည့် နိုင်ငံတကာလူမှုအဖွဲ့အစည်းများအား ကာကွယ်ရေးဦးစီးချုပ် မင်းအောင်လှိုင်နှင့် စစ်ကောင်စီတို့က မလေးမစားပြုမူဆောင်ရွက်နေခြင်းဖြစ်ကြောင်း သက်သေပြနေပေသည်။

ထို့ပြင်ဤကျူးလွန်မှုသည် မကြာမီက မြန်မာပြည်သို့လာရောက်လည်ပတ်ခဲ့သည့် အင်ဒိုနီးရှား နိုင်ငံခြားရေး ဝန်ကြီး၊ မြန်မာနိုင်ငံသို့ ရောက်ရှိနေသည့် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်၊ ဒုတိယအကြိမ် မြန်မာနိုင်ငံသို့ လာရောက်သည့် အမေရိကန်နိုင်ငံ၏ အထူးကိုယ်စားလှယ် မူဝါဒရေးရာညှိနှိုင်းရေးမှူး နှင့် ဒီမိုကရေစီ၊ လူ့အခွင့်အရေး နှင့် အလုပ်သမားရေးရာ ဒုဝန်ကြီး တို့အား တိုက်ရိုက် မထီမဲ့မြင်ပြု စော်ကားလိုက်ခြင်းလည်း ဖြစ်သည်။

မြန်မာနိုင်ငံသည် ဓာတုလက်နက်မသုံးစွဲရေး နိုင်ငံတကာသဘောတူညီချက် (Chemical Weapons Convention)ကို ၁၉၉၃ ခုနှစ်တွင် လက်မှတ် ရေးထိုးခဲ့သည်။ သို့သော်လည်း အတည်ပြု ကျင့်သုံးခြင်း မပြုသေးပေ။ ဦးသိန်းစိန်အစိုးရအနေဖြင့် မြန်မာနိုင်ငံမှ လက်မှတ်ထိုးထားသည့် နိုင်ငံတကာသဘောတူညီချက် (CWC) ကို အတည်ပြု ကျင့်သုံးသွားရန် အလေးအနက် အကြံပြုတိုက်တွန်းပါသည်။

ဦးသိန်းစိန်အစိုးရအနေဖြင့် ကာကွယ်ရေးဦးစီးချုပ်မင်းအောင်လှိုင်သည် ဥပဒေ၏အထက်တွင် မရှိကြောင်းကိုပြသရန် အတွက် အဖြေတခုကို အမြန်ဆုံးရှာပေးရန်လိုအပ်သည်။ ဦးသိန်းစိန်အစိုးရနှင့် လွှတ်တော်သည် ဗိုလ်ချုပ်မင်းအောင်လှိုင် အား လွှတ်တော်၏ ခွင့်ပြုချက်မရှိဘဲ ဓာတုလက်နက်များသုံးစွဲခြင်း၊ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ချက်များအား ထိခိုက်စေသည့် လုပ်ရပ်များ လုပ်ဆောင်ခြင်းတို့အတွက် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ရမည်ဖြစ်ပြီး ပြတ်သားစွာဆုံးဖြတ်၊ အရေးယူဆောင်ရွက်ရမည် ဖြစ်သည်။

လွှတ်တော်အမတ်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လွှတ်တော်တွင် ကာကွယ်ရေးဝန်ကြီးအား ဓာတုလက်နက် သုံးစွဲရန် ခွင့်ပြုထားခြင်း ရှိ၊ မရှိမေးမြန်းရန်၊ ဓာတုလက်နက်အသုံးပြု တိုက်ခိုက်ရာ နေရာများသို့ သွားရောက် စစ်ဆေးရန် အမှန်တကယ်လိုအပ်သည့် စုံစမ်းစစ်ဆေးမှုများပြုလုပ်သွားရန်လိုအပ်ပါသည်။

လူထုမှ ရွေးချယ်တင်မြှောက်ထားသည့် ကချင်ပြည်နယ် လွှတ်တော်အမတ်များနှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် မိမိတို့ နယ်မြေအတွင်း ဓာတုလက်နက်များ အသုံးပြု၍ မိမိတို့၏ မဲဆန္ဒရှင်များအား တိုက်ခိုက်နေခြင်းကို ရပ်ဆိုင်းစေရန် ဆောင်ရွက်ပေးရမည်။ လူထုမှ ရွေးချယ်ခြင်းကို ခံထားရသော ကိုယ်စားလှယ်များဖြစ်သည့်အတွက် လူထု၏ အကျိုးစီးပွား အတွက်ဆောင်ရွက်ရန် တိုက်ရိုက်တာဝန်ရှိပါသည်။

လွှတ်တော်တွင် လူများစုဖြစ်သည့် ကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီမှ လွှတ်တော်အမတ်များသည် ဖြစ်မှုဖြစ်ပွားရာဒေသ၌ အပျက် အစီးအချက်အလက်များ၊ ထိခိုက်ဒဏ်ရာရရှိသည့် လူဦးရေအရေအတွက်၊ သဘာဝ ပါတ်ဝန်းကျင်ထိခိုက်မှုများအား စုံစမ်းစစ်ဆေးနိုင်ရန်အတွက် စုံစမ်းစစ်ဆေးရေး ကော်မတီတခု ဖွဲ့စည်းပေးရန် လွှတ်တော်ဥက္ကဋ္ဌအား တောင်းဆို၍ အမြန်ဆုံးအကောင်အထည်ဖေါ်ရန်တာဝန်ရှိပါသည်။

အမျိုးသားလူ့အခွင့်အရေးကော်မတီမှလည်း လူ့သားဖြစ်မှုကိုဆန့်ကျင်သောပြစ်မှုကို ချိုးဖောက်မှုများနှင့်ပတ်သက်၍ ခိုင်လုံသည့် သက်သေအထောက်အထားများအား ရှာဖွေရန် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ရပါမည်။

စစ်ရာဇဝတ်မှုကျူးလွန်မှုများ၊ လူသားဖြစ်မှုကို ဆန့်ကျင်သော ပြစ်မှုများကို ချိုးဖောက်မှုများကို စစ်ဆေး၍ ပြတ်သားစွာ အရေးယူခြင်းများဆောင်ရွက်ခြင်းဖြင့် လူထုတရပ်လုံးအနေဖြင့် တရားဥပဒေစိုးမိုးရေးအတွက် အပြောင်းအလဲ၊ ဖြစ်ပေါ် တိုးတက်မှုများကို တွေ့မြင်ရမည်ဖြစ်ပြီး အစိုးရဌာနတခုမှ ဖြစ်စေ၊ လူပုဂ္ဂိုလ်တဦးမှ ဖြစ်စေ ဥပဒေပြင်ပ စီမံခန့်ခွဲ ဆောင် ရွက်ခြင်းများကို မည်သည့်အခါမှဆောင်ရွက်ခွင့်ပြုမည်မဟုတ်ဟု ယုံကြည်စေနိုင်မည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ တိုင်းရင်းသားနယ်မြေများ၌ ဖြစ်ပွားနေသည့် တိုက်ပွဲများတွင်း ဓာတုလက်နက်များ အသုံးပြုတိုက် ခိုက်ခြင်း (စစ်ရာဇဝတ်မှု ကျူးလွန်ခြင်း) ကို ဦးသိန်းစိန်အစိုးရ နှင့် လွှတ်တော်မှ စုံစမ်းစစ်ဆေးရေး ကော်မတီတခုဖွဲ့စည်း၍ စုံစမ်းစစ်ဆေးကာ ပြစ်မှုကျူးလွန်ရန် အမိန့်ပေး၊ ခွင့်ပြုသူ ကာကွယ်ရေးဦးစီးချုပ်မင်းအောင်လှိုင်အား ထိရောက်စွာ အရေးယူရန် တိုက်တွန်းတောင်းဆိုလိုက်သည်။

ဆက်သွယ်ရန် – ဦးမောင်မောင် – ၁၅၇ ၁၂၃၄ ၉၂၅၈
ဦးမြင့်သိဏ်း – ၆၁ ၄၇၀ ၀၂၉ ၆၄၅

နေ့စွဲ။ ။ ၂၀၁၁ ခုနှစ် နိုဝင်ဘာလ (၂) ရက်။